**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

**(ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊လုံခြုံရေးနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ)**

စာအမှတ်၊ SSE/NM/ ၀၉/၂၀၂၂

ရက်စွဲ၊၂၀၂၂ခုနှစ်၊ဖေဖော်ဝါရီလ၂၆ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက် ထုတ်ပြန်ခြင်းကိစ္စ။**

ရည်ညွှန်း ချက် ။ (၁) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ (၂၅-၂-၂၀၂၂)ရက်စွဲပါစာအမှတ်၊ပဆ-(၂)/လက(DCA)Spaceflight (၂/၂၂၉)

(၂) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏(၂၅-၁-၂၀၂၂)ရက်စွဲပါစာအမှတ်၊SSE/NM/၀၄/၂၀၂၂

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘေကျင်း လေယာဉ်မှူးသတိပေးလွှာထုတ်ပြန်ရေးရုံးမှ ၁၃.၁.၂၀၂၂ ရက်နေ့တွင် Spaceflight လှုပ်ရှားမှု ကိစ္စနှင့်ပတ်သက်၍ သတိပေးချက်(ကြေးနန်းစာ)ကို လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီး ဌာနသို့ ပေးပို့အကြောင်းကြားလာသောစာအရ အာကာသယာဉ်၏ လှုပ်ရှားမှု (Spaceflight Activities) သည် ၂၆.၁.၂၀၂၂ ရက်နေ့မှ ၃၀.၁.၂၀၂၂ ရက်နေ့အတွင်းတွင်လည်းကောင်း၊ ၂၆.၂.၂၀၂၂ ရက်နေ့မှ ၂.၃.၂၀၂၂ ရက်နေ့အတွင်းတွင်လည်းကောင်း နေ့စဉ်နံနက် (၀၅:၃၀)နာရီအချိန်မှ (၀၉:၃၀) နာရီအချိန်အတွင်း ဖြစ်နိုင်ချေရှိကြောင်းကို ရည်ညွှန်းချက်(၂)ပါစာဖြင့် ထုတ်ပြန်ပြီးဖြစ်ပါသည်။

၂။ ယခုအခါ မူလဖော်ပြခဲ့သည့် ခန့်မှန်းဒုတိယအကြိမ်ရက်အား ၂၆.၂.၂၀၂၂ရက်နေ့မှ ၂.၃.၂၀၂၂ ရက်နေ့အစား ၂၇.၂.၂၀၂၂ ရက်နေ့ နံနက်(၀၆:၀၆)နာရီမှ (၀၆:၃၅)နာရီအချိန်အတွင်း တွင် ဖြစ်နိုင်ချေရှိကြောင်း၊ မြေပြင်မှ အမြင့်ပေ အကန့်အသတ်မရှိ သက်ရောက်နိုင်ကြောင်း၊ သက်ရောက်နိုင်မည့်ဧရိယာကို အောက်ဖော်ပြပါအတိုင်း ပြင်ဆင်သတိပေးအကြောင်းကြားလာ ပါသည်-

| Point | Latitude | Longitude |
|---|---|---|
| A | 17° 02′31″ N | 093° 42′07″ E |
| B | 17° 09′36″ N | 093° 09′07″ E |
| C | 18° 21′03″ N | 093° 25′44″ E |
| D | 18° 32′51″ N | 093° 58′58″ E |

၃။ အဆိုပါသက်ရောက်မည့်ဧရိယာမှာ သံတွဲလေဆိပ်၏ အနောက်တောင်ဘက်ရေမိုင်(၂၂) မိုင်ခန့်၊ မာန်အောင်လေဆိပ်၏ အနောက်တောင်ဘက်ရေမိုင် (၃၁)မိုင်ခန့်နှင့် ပုသိမ်လေဆိပ်၏ အနောက်ဘက် ရေမိုင်(၆၃)မိုင်ခန့်အကွာ ဘင်္ဂလားပင်လယ်အော်အတွင်းတွင် ကျရောက်နေကြောင်း စိစစ်တွေ့ရှိရပါသည်။ ကျရောက်နိုင်မည့် ဧရိယာမြေပုံအား **နောက်ဆက်တွဲ(က)**ဖြင့် ဖော်ပြအပ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ၂၇.၂.၂၀၂၂ ရက်နေ့နံနက်(၀၆:၀၆)နာရီမှ (၀၆:၃၅)နာရီအချိန်အတွင်းတွင် အထက်ဖော်ပြပါတည်နေရာများအတွင်း၌Spaceflight အစိတ်အပိုင်းများ ကျရောက်နိုင်ပါသဖြင့် ရေယာဉ်ကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ကမ်းရိုးတန်းသွားရေယာဉ်များ၊ ငါးဖမ်းသင်္ဘောများ၊ အပျော်စီးခရီးသွားလှေများနှင့် စက်တပ်သမ္ဗန်များ ၎င်းဧရိယာအတွင်း ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းမရှိစေရန်အတွက် ရေကြောင်းသတိပေးချက်(Notice to Mariners)အား ထုတ်ပြန်ကြေညာအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)

နောက်ဆက်တွဲ (က)

**2336 UTC – 0005 UTC (Next Day) ( from 26 -27 Feb 2022)**

